## နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်များ နှင့် လေ့လာသုံးသပ်ချက်များအား ထုတ်ပြန်ကြေငြာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ ("ကုမ္ပဏီ") နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ ("ကုမ္ပဏီအုပ်စု") ၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့တွင် ကုန်ဆုံးသော ခြောက်လတာဘဏ္ဍာရေးနှစ် ("၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်")အတွက် ကုမ္ပဏီ၏ စာရင်းစစ်သုံးသပ်ပြီး ဘဏ္ဍာရေးရှင်းတမ်းများအား ပူးတွဲထုတ်ပြန် ကြေညာအပ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေများကို ပိုမိုနားလည်စေရန်နှင့် နှိုင်းယှဉ်လေ့လာမှုများ ပြုလုပ်နိုင်ရန်အတွက် ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့သည် ၂၀၂၃ခုနှစ်၊ ဧပြီလ၊ ၁ရက်နေ့ မှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့ အထိ ("၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်") ကာလကို ဖော်ပြထားသော စာရင်းစစ်သုံးသပ်ပြီး နှစ်ဝက်ဘဏ္ဍာရေးအစီရင်ခံစာ နှင့် နှိုင်းယှဉ်သုံးသပ် တင်ပြထားပါသည်။ ဆွေးနွေးချက် နှင့် လေ့လာသုံးသပ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**KEY HIGHLIGHTS**

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **HY Sep-2024** | HY Sep-2023 | % Change |
|---|---|---|---|
| Revenue | **243,099,575** | 229,370,541 | 6.0% |
| Cost of revenue | **(175,646,372)** | (138,464,821) | (26.9%) |
| Gross profit | **67,453,203** | 90,905,720 | (25.8%) |
| *Gross Profit margin* | ***27.7%*** | *39.6%* | |
| Administrative expenses | **(82,902,016)** | (53,093,783) | (56.1%) |
| Finance expenses | **(1,386,139)** | (1,674,022) | 17.2% |
| Other gains/ (losses), net | **12,373,081** | (27,439,163) | 145.1% |
| Share of profit of associates and joint venture, net of tax | **5,489,038** | 7,642,293 | (28.2%) |
| Profit before income tax | **1,027,167** | 16,341,045 | (93.7%) |
| Income tax expense | **(1,470,449)** | (2,664,456) | 44.8% |
| **(Loss)/Profit for the period** | **(443,282)** | 13,676,589 | (103.2%) |
| Fair value gains/ (losses) of available-for-sale investments | **386,102** | (32,175) | 1,300.0% |
| Net change in fair value of previously held interest in available-for-sale investment reclassified to profit or loss | **(1,608,758)** | - | 0.0% |
| Share of other comprehensive (loss)/income of associates | **(153,967)** | 2,623,122 | (105.9%) |
| **Other comprehensive (loss)/ income for the period, net of tax** | **(1,376,623)** | 2,590,947 | (153.1%) |
| **Total comprehensive (loss)/ income for the period** | **(1,819,905)** | 16,267,536 | (111.2%) |
| | | | |
| **(Loss)/Profit attributable to:**[1] | | | |
| Owners of the Company | **895,686** | 9,186,136 | |
| Non-controlling interests | **(1,338,968)** | 4,490,453 | |
| | **(443,282)** | 13,676,589 | |
| | | | |
| **Earnings per share** | | | |
| Basic (MMK) | **27** | 277 | (90.3%) |
| Diluted (MMK) | **22** | 222 | (90.1%) |

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

ကုမ္ပဏီအုပ်စု၏ အဓိကဝင်ငွေကို ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ(“ရိုးမဘဏ်”) နှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ (“ပန်းလှိုင်ဆေးရုံအုပ်စု”) တို့မှ ရရှိခဲ့ပြီး၊ ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်အတွက် ကုမ္ပဏီအုပ်စု၏ စုစုပေါင်းဝင်ငွေမှာ ကျပ် ၂၄၃.၁ ဘီလီယံ ရရှိခဲ့သဖြင့် ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်၏ စုစုပေါင်းဝင်ငွေ ကျပ် ၂၂၉.၄ ဘီလီယံ နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၆.၀% တိုးတက်ခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ ဝင်ငွေများကို အောက်ပါအတိုင်း လုပ်ငန်းကဏ္ဍအလိုက် ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။

| (MMK’000) | **HY Sep-2024** | HY Sep-2023 | % Change |
|---|---|---|---|
| Financial services | **193,250,278** | 190,683,145 | 1.3% |
| Healthcare services | **49,781,122** | 38,042,341 | 30.9% |
| Dividend income | **32,175** | 609,055 | (94.7%) |
| Rental income | **36,000** | 36,000 | 0.0% |
| Total | **243,099,575** | 229,370,541 | **6.0%** |

ရိုးမဘဏ်မှ ရရှိသောဝင်ငွေသည် ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၁၉၀.၇ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၁၉၃.၃ ဘီလီယံ အထိရရှိခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၁.၃% တိုးတက်ခဲ့ပါသည်။ ထိုသို့ဝင်ငွေတိုးမြင့်လာခြင်း၏ အဓိကအကြောင်းအရင်းမှာ အတိုးနှုန်းမူဝါဒ ပြောင်းလဲမှုများနှင့် ဘဏ်ချေးငွေကဏ္ဍသည် ပြီးခဲ့သော ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်နှင့် နှိုင်းယှဉ်ရာတွင် ပိုမိုတိုးတက်လာသဖြင့် ချေးငွေအမျိုးမျိုးတို့အပေါ် အတိုးရငွေများ တိုးမြင့်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့အပြင် ပန်းလှိုင်ဆေးရုံအုပ်စုမှ ဝင်ငွေရရှိမှုမှာလည်း ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၃၈.၀ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၄၉.၈ ဘီလီယံအထိ ရရှိခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၃၀.၉% တိုးတက်ခဲ့ပါသည်။ အဆိုပါ ဝင်ငွေတိုးမြင့်လာရခြင်းမှာ အဓိကအားဖြင့် ဆေးရုံများသို့ လာရောက်သည့် လူနာများ ပိုမိုများပြားလာခြင်းနှင့်၊ ဆရာဝန်များ နှင့် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှု တို့အတွက် ဝန်ဆောင်ခနှုန်းထားများ တိုးလာခြင်းတို့ကြောင့် ဖြစ်သည်။

ကုမ္ပဏီအုပ်စု၏ အကြွမ်းအမြတ်သည် ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်အတွက် ကျပ် ၆၇.၅ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်၏ ကျပ် ၉၀.၉ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၂၅.၈% သို့ ကျဆင်းခဲ့ပါသည်။ ထိုသို့ ကျဆင်းသွားရခြင်း၏ အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်တွင် နိုင်ငံခြားငွေလဲလှယ်ခြင်းနှင့်ပတ်သက်၍ ဆုံးရှုံးနိုင်ခြေကိုကြိုတင်ကာကွယ်ထားသော အစီအစဉ်များ မထားရှိသည့်အတွက် နိုင်ငံခြားငွေလဲလှယ်ခြင်းမှ အရှုံးရရှိခြင်း၊ အိမ်ရာချေးငွေမှ အတိုးဝင်ငွေများကို စာရင်းသွင်းခြင်းအား ယာယီဆိုင်းငံ့ထားခြင်းနှင့် တိုးပွားလာသည့် Super Fixed Deposits များအပေါ်တွင် အတိုးပေးရငွေ ကုန်ကျစရိတ်များ တိုးလာခြင်း၊ အတိုးနှုန်းမူဝါဒ ပြောင်းလဲမှုများအပြင် ငွေချေးသက်သေခံလက်မှတ်များကို ပြန်လည်ဝယ်ယူရန် ကြိုတင်ကတိဖြင့် ရောင်းချခဲ့သော စာချုပ်များ (Repo) အပေါ်တွင် အတိုးကုန်ကျစရိတ်များ တိုးလာမှုတို့ကြောင့် ရိုးမဘဏ်၏ အကြွမ်းအမြတ် ကျဆင်းသွားရခြင်းဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စီမံခန့်ခွဲမှုဆိုင်ရာအသုံးစရိတ်သည် ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၅၃.၁ ဘီလီယံ မှ ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၈၂.၉ ဘီလီယံအထိ တိုးမြင့်ခဲ့ပါသည်။ ထိုသို့တိုးမြင့်လာရခြင်း၏ အဓိကအကြောင်းရင်းမှာ ယခု ဘဏ္ဍာရေးနှစ်ဝက်တွင် ရိုးမဘဏ်၏ ချေးငွေဆုံးရှုံးနိုင်မှု လျာထားချက်များ ပိုမိုများလာခြင်း၊ အိမ်ရာချေးငွေများကိုစောလျင်စွာ ပေးချေနိုင်မှုတို့အပေါ် တွင် အကျိုးခံစားခွင့်ပေးခြင်း နှင့်အတူ လုပ်ငန်းကဏ္ဍအားလုံး၏ အဆောက်အဦးငှားရမ်းခများ ပြန်လည်သက်တမ်းတိုးရာတွင် ငှားရမ်းခများ တိုးမြင့်လာမှု၊ လည်ပတ်မှုစရိတ်များ နှင့် ဝန်ထမ်းများ၏ လုပ်ခလစာစရိတ်များ မြင့်မားလာခြင်းတို့ကြောင့် စီမံခန့်ခွဲမှုဆိုင်ရာ အသုံးစရိတ်များ ပိုမိုများပြားလာရခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ်များသည် ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၁.၇ ဘီလီယံ မှ ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက် တွင် ကျပ် ၁.၄ ဘီလီယံ သို့လျော့ကျခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၁၇.၂% ကျဆင်းသွားခဲ့ပါသည်။ ထိုသို့ကျဆင်းသွားရခြင်း၏ အဓိကကြောင်းအရင်းမှာ ယခင်ဘဏ္ဍာရေးနှစ်အတွင်းတွင် ကုမ္ပဏီမှ ချေးငွေဖွဲ့စည်းမှုပုံစံပြောင်းလဲခြင်းကြောင့် အတိုးစရိတ် သက်သာလာခြင်း၊ ဆက်နွယ်ပတ်သက်နေသောအဖွဲ့အစည်းများထံသို့ ပေးထားသော နိုင်ငံခြားချေးငွေများမှ အတိုးရငွေများ မြင့်တက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် အခြားဆုံးရှုံးမှု ကျပ် ၂၇.၄ ဘီလီယံ နှင့်နှိုင်းယှဉ်ပါက ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် အခြားဝင်ငွေ ကျပ် ၁၂.၄ ဘီလီယံ ရရှိကြောင်း တင်ပြခဲ့ပါသည်။ ထိုသို့ အခြားသောဝင်ငွေများ ရရှိလာရခြင်း၏

အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ နိုင်ငံခြားငွေလဲလှယ်နှုန်းတန်ဖိုးသင့်ခြင်းမှ ဖြစ်ပေါ်လာသော စာရင်းအရအမြတ်များနှင့် ကုမ္ပဏီ၏ Myanmar Thilawa SEZ Holdings Public Co., Ltd (“MTSH”) တွင်ရင်းနှီးမြှုပ်နှံထားသည့် ကာလတိုရင်းနှီးမြှုပ်နှံမှုများအား ရောင်းချရာမှ အမြတ်များ ရရှိလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ အခြားသောအရှုံးအမြတ် အသေးစိတ် အချက်အလက် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| (MMK’000) | **HY Sep-2024** | HY Sep-2023 |
|---|---|---|
| Gain/ (Loss) on foreign currency exchange, net | **9,387,208** | (28,955,666) |
| Gain on disposal of available-for-sale investment | **1,567,702** | - |
| Gain on fair value of investment properties | **1,374,920** | 1,406,450 |
| Gain/ (Loss) on disposal of property, plant and equipment | **134,984** | (4,343) |
| Recovery of write off expense | **500** | - |
| Write-back of payable | **9,637** | 4,462 |
| Adjustment for under-recognition of account receivable | **-** | 66,296 |
| Write-off of vaccine and medical supplies | **-** | 149,705 |
| Write-off of property, plant and equipment | **(101,870)** | (106,067) |
| **Total Other Gains/ (Losses), net** | **12,373,081** | (27,439,163) |

၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများ နှင့် ဖက်စပ်ကုမ္ပဏီများထံမှ ရရှိသော အရှုံးအမြတ် အသေးစိတ်ကို အောက်ပါအတိုင်း ခွဲခြမ်းစိပ်ဖြာ၍ တင်ပြထားပါသည်။

| | | **Group Share of Profit/(Loss)** | |
|---|---|---|---|
| (MMK'000) | **Stake** | **HY Sep-2024** | HY Sep-2023 |
| Thanlyin Estate Development Limited | 30.0% | **4,055,114** | 4,264,317 |
| FMI Garden Development Limited | 47.5% | **1,762,191** | 5,363,145 |
| Meeyahta International Hotel Limited | 20.0% | **-** | (673,809) |
| Kawthaung Hill Investment Limited | 37.5% | **(101)** | (75) |
| LSC-FMI Company Limited | 50.0% | **(566)** | (332) |
| Pun Hlaing Links Services Company Limited | 30.0% | **(25,581)** | (27,027) |
| Memories (2022) Pte. Limited | 16.66% | **(95,379)** | (1,304,928) |
| FMI Decaux Company Limited | 40.0% | **(206,640)** | 21,002 |
| **Total Share of Profit** | | **5,489,038** | 7,642,293 |

ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများ နှင့် ဖက်စပ်ကုမ္ပဏီများမှ ရရှိသော အချိုးကျအမြတ်ငွေမှာ ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၇.၆ ဘီလီယံ မှ ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၅.၅ ဘီလီယံ ရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၂၈.၂% လျော့နည်းခဲ့ပါသည်။ ထိုသို့ လျော့နည်းရခြင်း၏ အဓိက အကြောင်းအရင်းမှာ FMI Garden Development Ltd ၏ အိမ်ရာစီမံကိန်းဖြစ်သော Padauk Garden Project သည်ပြီးစီးနေပြီဖြစ်သည့်အတွက် ယင်းမှအချိုးကျအမြတ်ငွေရရှိမှု လျော့နည်းသွားခြင်းတို့ကြောင့်ဖြစ်ပါသည်။ ထို့အပြင် FMI Decaux Company Limited မှ အချိုးကျအမြတ်ငွေသည် ၂၀၂၃ ဘဏ္ဍာရေးနှစ်ဝက်တွင် အမြတ်ငွေကျပ် ၂၁.၀ မီလီယံ မှ ၂၀၂၄ ဘဏ္ဍာရေးနှစ်ဝက်တွင် အရှုံးငွေကျပ် ၂၀၆.၆ မီလီယံအထိ ကျဆင်းခဲ့ရခြင်းမှာ နိုင်ငံခြားငွေ ချေးငွေများ ပြန်လည်ပေးချေရာမှဖြစ်ပေါ်လာသော နိုင်ငံခြားငွေလဲလှယ်နှုန်း တန်ဖိုးပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောအရှုံးများကြောင့် ဖြစ်ပါသည်။ ထို့အပြင် Memories (2022) Pte. Ltd မှ နိုင်ငံခြားငွေလဲလှယ်နှုန်း တန်ဖိုးသင့်ရာမှပေါ်ပေါက်လာသော စာရင်းအရအမြတ်များကြောင့် အချိုးကျခွဲဝေရရှိသော အရှုံးကို တစိတ်တပိုင်းသက်သာစေခဲ့ပါသည်။

အထက်ဖော်ပြခဲ့သော အကြောင်းအရာများကြောင့် ကုမ္ပဏီအုပ်စုသည် ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ဘဏ္ဍာရေးနှစ်ဝက်တွင် အသားတင် အရှုံးငွေကျပ် ၀.၄ ဘီလီယံရရှိခဲ့ပြီး ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ဘဏ္ဍာရေးနှစ်ဝက်တွင် ရရှိသောအမြတ်ငွေမှာ ၁၃.၇ ဘီလီယံ ဖြစ်ပါသည်။

၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် အခြားသောအလုံးစုံအရှုံးငွေ (other comprehensive loss) ကျပ် ၁.၄ ဘီလီယံ ရရှိခဲ့ပြီး ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ရရှိသော အခြားသောအလုံးစုံဝင်ငွေ (other comprehensive income) မှာ ကျပ် ၂.၆ ဘီလီယံ ဖြစ်ပါသည်။ ထိုသို့ အခြားသောအလုံးစုံဝင်ငွေ လျော့နည်းသွားခြင်း၏ အဓိကအကြောင်းအရင်းများမှာ ကုမ္ပဏီ၏ MTSHတွင် ကာလတို ရင်းနှီးမြှုပ်နှံထားသည့် အစုရှယ်ရာများကို ဈေးကွက်ပေါက်ဈေးအရ ပြန်လည်တန်ဖိုးသင့်ရာမှ ဖြစ်ပေါ်လာသော တန်ဖိုးသင့်အမြတ်များကို ၎င်းရင်းနှီးမြှုပ်နှံမှု ရောင်းချချိန်တွင် အရှုံးအမြတ်စာရင်းသို့ ပြောင်းလဲစာရင်းညှိနှိုင်းချက် တို့၏ စုပေါင်းသက်ရောက်မှု ကျပ် ၁.၆ ဘီလီယံ နှင့် Thanlyin Estate Development Limited မှ နိုင်ငံခြားငွေစာရင်းအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲစာရင်းသင့်ရာမှ အရှုံး ငွေကျပ် ၀.၂ ဘီလီယံတို့ကြောင့် ဖြစ်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများကြောင့် ကုမ္ပဏီအုပ်စု၏ အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သည့် အသားတင်အမြတ်ငွေမှာ ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ရရှိခဲ့သော ကျပ် ၉.၂ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၀.၉ ဘီလီယံသာ ရရှိခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သည့် အသားတင်အမြတ်သည် ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ရှယ်ယာတစ်စု အပေါ်ရရှိသည့် အခြေခံဝင်ငွေ ("EPS") မှာ ကျပ် ၂၇ ဖြစ်ပြီး၊ ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ရရှိခဲ့သည့်အခြေခံဝင်ငွေ ကျပ် ၂၇၇ နှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၉၀.၃% သို့ လျော့နည်းခဲ့ပါသည်။ ရှယ်ယာတစ်စုအတွက် လျော့ကျရရှိမည့် ဝင်ငွေ ("Diluted EPS") မှာ ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ် ၂၂ ဖြစ်၍ ၂၀၂၃ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်တွင် လျော့ကျရရှိခဲ့သည့်ဝင်ငွေ ကျပ် ၂၂၂ နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၉၀.၁% အထိ လျော့နည်းခဲ့ပါသည်။ Diluted EPS အားနောင်တွင်ထုတ်ဝေပေးရမည့် အစုရှယ်ယာများအား စာရင်းကာလအစတွင် ထုတ်ဝေပြီးအနေအထားတို့ဖြင့် ပျမ်းမျှအခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေ အနှစ်ချုပ်စာရင်းရှင်းတမ်းကို ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ယခင်ဘဏ္ဍာရေးနှစ် အခြေအနေနှင့် အောက်ပါအတိုင်း ပူးတွဲဖော်ပြအပ်ပါသည်။

**Summary of Group Balance Sheet**

| (MMK'000) | **As at 30-Sep-2024** | As at 31-Mar-2024 | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **3,828,867,269** | 4,521,370,949 | (15.3%) |
| Total non-current assets | **922,010,407** | 952,791,760 | (3.2%) |
| Total assets | **4,750,877,676** | 5,474,162,709 | (13.2%) |
| **LIABILITIES** | | | |
| Total current liabilities | **4,131,302,146** | 4,853,490,957 | 14.9% |
| Total non-current liabilities | **23,373,911** | 23,232,245 | (0.6%) |
| Total liabilities | **4,154,676,057** | 4,876,723,202 | 14.8% |
| **NET ASSETS** | **596,201,619** | 597,439,507 | (0.2%) |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **484,000,601** | 484,481,538 | |
| Non-controlling interest | **112,201,018** | 112,957,969 | |
| **TOTAL EQUITY** | **596,201,619** | 597,439,507 | (0.2%) |

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းရရန်ပိုင်ခွင့်များသည် ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ရက်နေ့တွင် ကျပ် ၄,၅၂၁.၄ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့တွင် ကျပ် ၃,၈၂၈.၉ ဘီလီယံအထိ လျော့နည်းသွားခဲ့ပါသည်။ ထိုသို့ လျော့နည်းသွားရသည့် အဓိက အကြောင်းအရင်းမှာ ရိုးမဘဏ်၏ ထုတ်ချေးငွေနှင့် အစိုးရငွေတိုက်စာချုပ်များတွင် ကာလတိုရင်းနှီးမြှုပ်နှံမှုများ လျော့နည်းသွားရခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းမဟုတ်သော ရရန်ပိုင်ခွင့်များသည် ၂၀၂၄ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၉၅၂.၈ ဘီလီယံ မှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့တွင် ကျပ် ၉၂၂.၀ ဘီလီယံသို့ အနည်းငယ် လျော့နည်းသွားခဲ့ပါသည်။ ထိုသို့ လျော့နည်းသွားရသည့်

အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ အစိုးရငွေတိုက်စာချုပ်များတွင် ကာလရှည်ရင်းနှီးမြှုပ်နှံမှုများ လျော့နည်းသွားရခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းပေးရန်တာဝန်မှာ ၂၀၂၄ခုနှစ်၊ မတ်လ၊ ၃၁ရက်နေ့တွင် ကျပ် ၄,၈၅၃.၅ ဘီလီယံ မှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့တွင် ကျပ် ၄,၁၃၁.၃ ဘီဘီယံသို့ ကျဆင်းခဲ့ပါသည်။ ထိုသို့ ကျဆင်းသွားရသည့် အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ customerများမှ အပ်နှံငွေ လျော့နည်းသွားရခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းမဟုတ်သောပေးရန်တာဝန်မှာ ၂၀၂၄ခုနှစ်၊ မတ်လ ၃၁ရက်နေ့တွင် ကျပ် ၂၃.၂ ဘီလီယံ မှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့တွင် ကျပ် ၂၃.၄ ဘီလီယံ သို့အနည်းငယ် မြင့်တက်ခဲ့ပါသည်။ ထိုသို့မြင့်တက်လာရသည့် အဓိကအကြောင်းအရင်းမှာ ပန်းလှိုင်ဆေးရုံအုပ်စု၏ အစုရှယ်ယာရှင်များထံမှ ချေးငွေများကို စာချုပ်သက်တမ်းတိုးမြှင့်လိုက်သဖြင့် လက်ငင်းပေးရန်တာဝန်မှ လက်ငင်းမဟုတ်သောပေးရန်တာဝန်သို့ စာရင်းရွှေ့ပြောင်းခဲ့သောကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ မတည်ရင်းနှီးငွေမှာ ၀.၂ % သို့ အနည်းငယ်ကျဆင်းခဲ့ပြီး၊ ထိုသို့ကျဆင်းခဲ့ရသည့် အကြောင်းအရင်းမှာ လုပ်ငန်း၏ တန်ဖိုးပြန်လည်သင့်ခြင်း သီးသန့်အရံထားငွေပမာဏ (Revaluation Reserve) နှင့် အစုရှယ်ယာရှင်ဝင်များနှင့် မသက်ဆိုင်သည့်ငွေ (Non-controlling interest) တို့ ကျဆင်းသွားခြင်းတို့ကြောင့် ဖြစ်ပါသည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် နေ့အထိ ကုမ္ပဏီအုပ်စု၏ ငွေသားနှင့် ဘဏ်လက်ကျန်မှာ အကြမ်းအားဖြင့် ကျပ် ၆၄၁.၉ ဘီလီယံ ရှိပါသည်။ ကုမ္ပဏီအုပ်စု၏ ငွေစာရင်းရှင်းတမ်းအနှစ်ချုပ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

**Summary of Group Cash Flow Statement**

| (MMK'000) | **HY Sep-2024** | HY Sep-2023 | % Change |
|---|---|---|---|
| Net cash (used in)/ provided by operating activities | **(229,589,866)** | 121,294,948 | (289.3%) |
| Net cash provided by/ (used in) investing activities | **179,926,171** | (216,925,266) | 182.9% |
| Net cash (used in) financing activities | **(2,524,514)** | (1,760,796) | (43.4%) |
| Net decrease in cash and cash equivalents | **(52,188,209)** | (97,391,114) | 46.4% |
| Cash and cash equivalents at beginning of the period | **694,108,023** | 617,328,125 | 12.4% |
| Cash and cash equivalents at the end of the period | **641,919,814** | 519,937,011 | 23.5% |

ကုမ္ပဏီအုပ်စု၏ ငွေသားနှင့် ဘဏ်လက်ကျန်မှာ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့ရှိ ကျပ် ၅၁၉.၉ ဘီလီယံ နှင့်နှိုင်းယှဉ်ပါက ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့တွင် ကျပ် ၆၄၁.၉ ဘီလီယံအထိ တိုးမြင့်ရရှိခဲ့ပြီး အဓိကအားဖြင့် ရိုးမဘဏ်၏ ငွေသားလက်ကျန်များ အများဆုံးပါဝင်ပါသည်။ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့တွင် ကုမ္ပဏီအုပ်စု၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆောင်ရွက်မှုများမှ အသုံးပြုသော စုစုပေါင်း ငွေကြေးမှာ ကျပ် ၂၂၉.၆ ဘီလီယံ ဖြစ်ပြီး ၎င်းမှာ ရိုးမဘဏ်မှ သုံးစွဲသူများ၏ အပ်နှံငွေ လျော့နည်းမှုကြောင့် ဖြစ်ပါသည်။ ၂၀၂၄ စက်တင်ဘာ ဘဏ္ဍာရေးနှစ်ဝက်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အသားတင် ငွေသားစီးဆင်းမှု ကျပ် ၁၇၉.၉ ဘီလီယံသည် ရိုးမဘဏ်မှ ရင်းနှီးမြှုပ်နှံထားသော အစိုးရငွေတိုက်စာချုပ်များ သတ်မှတ်သက်တမ်းပြည့်သဖြင့် မူလရင်းနှီးမြှုပ်နှံမှု ပမာဏများ ပြန်လည်ရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ ရက်နေ့အထိ ခြောက်လအတွင်း ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေး လုပ်ဆောင်ချက်များတွင် အသုံးပြုခဲ့သော အသားတင် ငွေသားသုံးစွဲမှုသည် ကျပ် ၂.၅ ဘီလီယံရှိခဲ့ပြီး ပန်းလှိုင်ဆေးရုံများမှ ဘဏ်ချေးငွေ ပြန်လည်ပေးဆပ်ခြင်းနှင့် ကုမ္ပဏီမှ ဘဏ်ချေးငွေအတိုးပေးချေမှုတို့ကြောင့်ဖြစ်ပါသည်။

FMI
PART OF THE YOMA GROUP

**အနာဂတ်မျှော်မှန်းချက်များ**

စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် မသေချာမရေရာမှုများ နှင့် စိန်ခေါ်မှုများ ရှိနေသော်လည်း ကုမ္ပဏီအုပ်စု၏ စီးပွားရေးလုပ်ငန်းများသည် ခိုင်မာစွာ ဆက်လက်ရပ်တည်၍ လုပ်ဆောင်လျက် ရှိပါသည်။ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာအရ[2] ကုန်ကြမ်းပြတ်လပ်ခြင်း၊ လျှပ်စစ်ဓါတ်အား ပြတ်တောက်ခြင်း၊ ငွေကြေးဖောင်းပွခြင်း နှင့် လုပ်သားဈေးကွက် ယိုယွင်းခြင်းအပြင် သဘာဝဘေးအန္တရာယ်များကဲ့သို့သော စိန်ခေါ်မှုများသည် နိုင်ငံတစ်ဝန်း စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများ ရှိနေပြီး ၂၀၂၅ ခုနှစ် မတ်လအထိ ဘဏ္ဍာရေးနှစ်တွင် တိုင်းပြည်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (GDP) သည် ယခင်ခန့်မှန်းထားသည့် တိုးတက်မှုအစား ၁ ရာခိုင်နှုန်း လျော့ကျမည်ဟု မျှော်မှန်းထားပါသည်။ စိန်ခေါ်မှုများနှင့် မသေချာမရေရာမှုများရှိနေသော်လည်း ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေကို ထိန်းသိမ်း၍ ခိုင်မာစေရန် ဆောင်ရွက်နေပြီး ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ နှင့် အိမ်ရာစီမံကိန်း ဝန်ဆောင်မှု လုပ်ငန်းကဏ္ဍများရှိ ရင်းနှီးမြှုပ်နှံမှုများ၏ လုပ်ငန်းတည်ငြိမ်မှုနှင့် အမြတ်အစွန်းရရှိခြင်းအပေါ် အလေးပေး ဆောင်ရွက်လျက်ရှိပါသည်။

**ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း**

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ရိုးမဘဏ်သည် ၎င်း၏ ဘဏ္ဍာရေးအခြေအနေတည်ငြိမ်မှုကို ထိန်းသိမ်း၍ ဘဏ်ခွဲအားလုံးတွင် ပိုမိုကောင်းမွန်ပြီး အဆင်ပြေသော ဘဏ်ဝန်ဆောင်မှုများကို ဖော်ဆောင်လျက်ရှိပါသည်။ ၂၀၂၄ခုနှစ်၊ ဇူလိုင်လတွင် Customer အပ်ငွေများ လျော့နည်းခြင်းများနှင့် စိန်ခေါ်မှုများရှိခဲ့သော်လည်း ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလတွင် တိုးတက်မှုများ ပြန်လည်မြန်ဆန်လာပြီး ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ တခြားတစ်ဖက်တွင်လည်း ဘဏ်၏ ချေးငွေဝန်ဆောင်မှုကိုရယူလိုသော customer အများအပြားစုသည်လည်း ဘဏ်၏ချေးငွေလုပ်ငန်းများ ပြန်လည်စတင်ပြီး ရိုးမဘဏ်နှင့်လက်တွဲလုပ်ဆောင်ရန် မျှော်လင့်လျက်ရှိပါသည်။ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ customer များအနေဖြင့် ပုံမှန် “Fixed Deposit” စာရင်းသေအပ်ငွေအမျိုးအစား၏ အဆင့်မြှင့်ထားသည့် ဗားရှင်းဖြစ်သော “Super Fixed Deposit” ကို စတင်မိတ်ဆက်ခဲ့ပြီး အဆိုပါ အပ်ငွေအမျိုးအစားတွင် အပ်ငွေသက်တမ်း ၇ ရက်မှ ၃၆၅ ရက်အထိ ထားရှိနိုင်ပြီး ပိုမိုမြင့်မားသောအတိုးနှုန်းများသာမက ကြိုတင်အတိုးနှုန်းပေးချေမှု အခွင့်အရေးများကိုလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ ပြင်ပတွင် လိမ်လည်မှုများ တိုးများလာသည့်အလျောက် “Next App” ကိုလည်း ဆက်လက်အဆင့်မြှင့်တင်နိုင်ခဲ့ပြီး customer များကိုလည်း ပြင်ပမှ လိမ်လည်မှုများကို သတိပြုနိုင်ရန် လှုံ့ဆော်ပေးလျက်ရှိပါသည်။ ရိုးမဘဏ်သည် ၎င်း၏ အဓိကဘဏ်လုပ်ငန်းဝန်ဆောင်မှုများနှင့် အခြားသောဝန်ဆောင်မှုများကို တိုးမြှင့်လုပ်ဆောင်ရင်း လာမည့်နှစ်ဝက်တွင် ပိုမိုကောင်းမွန်သော ဘဏ္ဍာရေးအကျိုးအမြတ်များ ရရှိအောင် လုပ်ဆောင်လျက်ရှိပါသည်။

**ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း**

ကုမ္ပဏီအုပ်စု၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းသည် ၎င်း၏ လုပ်ငန်းလည်ပတ်မှုစွမ်းဆောင်ရည် နှင့် ပင်မကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက်တိုးမြှင့်လာသဖြင့် ပန်းလှိုင်ဆေးရုံ၏စွမ်းဆောင်ရည်သည် ယခင်နှစ်များထက်သာမက ချမှတ်ထားသောပန်းတိုင်များထက်လည်း သာလွန်ကောင်းမွန်လျက်ရှိပါသည်။ Customerများသည် “နှလုံးရောဂါ” နှင့် “ကျန်းမာရေးစစ်ဆေးမှု” ကဲ့သို့သော ပရိုမိုးရှင်းအစီအစဉ်များကိုခံစားနိုင်ရန် “Heal App” မှတစ်ဆင့်လည်း လွယ်ကူစွာ နာမည်စာရင်းပေး၍ အသုံးပြုနိုင်ပါသည်။ “Grand Dental Clinic” နှင့် ပန်းလှိုင်ဆေးရုံတို့ ပူးပေါင်း၍ သွားဘက်ဆိုင်ရာ ဝန်ဆောင်မှုများပေးရန် ပထမဆုံးဆေးခန်းကို ၂၀၂၅ ခုနှစ်တွင် ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားပါသည်။ လုပ်ငန်းလည်ပတ်မှု စွမ်းဆောင်ရည်တိုးတက်စေရန်နှင့် ကုန်ကျစရိတ်လျှော့ချရန်အတွက် ရောင်းချသူများထံမှ ကုန်ပစ္စည်းများကို သင့်တင့်သော ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ပြီး သင့်တော်သော ကုန်လက်ကျန်ပမာဏများ သိုလှောင်ထားနိုင်ရန် ကုန်စည်ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ကို သေချာအနီးကပ် စောင့်ကြည့်လျက်ရှိပါသည်။ ထို့အပြင် ပန်းလှိုင်ဆေးရုံသည် ၂၀၂၄ ခုနှစ်တွင် “Joint Commission Internation (JCI) Award” ကို ၃ ကြိမ်မြောက် ထပ်မံအသိအမှတ်ပြု ရရှိခဲ့ပါသည်။

**အိမ်ရာစီမံကိန်းလုပ်ငန်း**

ကုမ္ပဏီအုပ်စု၏ အိမ်ရာစီမံကိန်းလုပ်ငန်းသည် ယခုဘဏ္ဍာရေးနှစ်ဝက်တွင် ကောင်းမွန်သော ရလဒ်ရရှိခဲ့ပါသည်။ ၂၀၂၄ခုနှစ်၊ မတ်လ တွင် စတင်ခဲ့သော Star Cityရှိ ARA အိမ်ရာစီမံကိန်းသည် အရောင်းဖွင့်ပြီးအခန်းပေါင်း ၆၃၄ အနက်မှ ၆၇% ရောင်းချထားရှိပြီး၊ ၂၀၂၅ခုနှစ် ဒီဇင်ဘာလတွင် ဝယ်ယူသူများထံသို့ အပ်နှံနိုင်ရန် စီစဉ်ထားပါသည်။ ထို့အပြင် ၂၀၂၃ခုနှစ်၊ အောက်တိုဘာလတွင် စတင်ခဲ့သော

[2] https://www.worldbank.org/en/news/press-release/2024/12/11/compounding-crises-hit-myanmar-s-economy-and-its-people

သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို အထောက်အပံ့ဖြစ်စေသည့် အိမ်ရာစီမံကိန်းဖြစ်သော "Estella Townhouses"၏ ရောင်းချမှုမှာ အရောင်းဖွင့်ပြီးအိမ်ရာများမှ အလုံးရေအားလုံးနီးပါး ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ခုနှစ် နိုဝင်ဘာလမှစတင်၍ ဝယ်ယူသူများထံသို့ phase-by-phase ပြီးစီးမှုအလိုက် အပ်နှံသွားနိုင်ရန် ဆောင်ရွက်နေပါသည်။ ထိုသို့ ရောင်းချအပ်နှံမှုများ တိုးတက်လာသည်နှင့်အမျှ သက်ဆိုင်ရာဝင်ငွေများအား အစီရင်ခံစာများတွင် သင့်လျော်စွာဖော်ပြသွားမည်ဖြစ်ပါသည်။

**ခရီးသွားဝန်ဆောင်မှုလုပ်ငန်း**

ကုမ္ပဏီအုပ်စု၏ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းကဏ္ဍသည် ယခုဘဏ္ဍာရေးနှစ်ဝက်အတွင်း စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရသော်လည်း Memories Group သည် လာမည့်ခရီးသွားလုပ်ငန်းရာသီအသစ်တွင် လုပ်ငန်း၏ စွမ်းဆောင်မှုများ ပိုမိုကောင်းမွန်လာစေရန် အားထုတ်လျက်ရှိပါသည်။ ကုမ္ပဏီအုပ်စုသည် Memories Group ၏ မဟာနည်းဗျူဟာမြောက် ဦးတည်ချက်များကို ဆက်လက် အားပေးထောက်ခံသွားနေမည်ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့၏ အမိန့်အရ**

ထွန်းထွန်း
အမှုဆောင်အရာရှိချုပ်
၂၀၂၅ ခုနှစ်၊ မတ်လ၊ (၄) ရက်

First Myanmar Investment Public Co., Ltd.
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766

## INTERIM RESULTS – MANAGEMENT DISCUSSION & ANALYSIS

The Board of Directors of First Myanmar Investment Public Co., Ltd ("the Company", and with its subsidiaries "the Group"), wishes to announce the release of the Company's auditor's report on review of condensed interim financial statements for the six months ended 30th September 2024 ("HY Sep-2024").

For a more meaningful comparison and better understanding of the financial result of the Group, the Company's management uses its auditor's report on review of condensed interim financial report covering the period 1st April 2023 to 30th September 2023 ("HY Sep-2023") was presented. The discussion and analysis are provided as below:

### KEY HIGHLIGHTS

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **HY Sep-2024** | HY Sep-2023 | % Change |
|---|---|---|---|
| Revenue | **243,099,575** | 229,370,541 | 6.0% |
| Cost of revenue | **(175,646,372)** | (138,464,821) | (26.9%) |
| Gross profit | **67,453,203** | 90,905,720 | (25.8%) |
| *Gross Profit margin* | ***27.7%*** | *39.6%* | |
| Administrative expenses | **(82,902,016)** | (53,093,783) | (56.1%) |
| Finance expenses | **(1,386,139)** | (1,674,022) | 17.2% |
| Other gains/ (losses), net | **12,373,081** | (27,439,163) | 145.1% |
| Share of profit of associates and joint venture, net of tax | **5,489,038** | 7,642,293 | (28.2%) |
| Profit before income tax | **1,027,167** | 16,341,045 | (93.7%) |
| Income tax expense | **(1,470,449)** | (2,664,456) | 44.8% |
| **(Loss)/Profit for the period** | **(443,282)** | 13,676,589 | (103.2%) |
| Fair value gains/ (losses) of available-for-sale investments | **386,102** | (32,175) | 1,300.0% |
| Net change in fair value of previously held interest in available-for-sale investment reclassified to profit or loss | **(1,608,758)** | - | 0.0% |
| Share of other comprehensive (loss)/ income of associates | **(153,967)** | 2,623,122 | (105.9%) |
| **Other comprehensive (loss)/income for the period, net of tax** | **(1,376,623)** | 2,590,947 | (153.1%) |
| **Total comprehensive (loss)/income for the period** | **(1,819,905)** | 16,267,536 | (111.2%) |
| | | | |
| **(Loss)/Profit attributable to:**[1] | | | |
| Owners of the Company | **895,686** | 9,186,136 | |
| Non-controlling interests | **(1,338,968)** | 4,490,453 | |
| | **(443,282)** | 13,676,589 | |
| | | | |
| **Earnings per share** | | | |
| Basic (MMK) | **27** | 277 | (90.3%) |
| Diluted (MMK) | **22** | 222 | (90.1%) |

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

The main contributors of the Group's revenue are financial service segment ("Yoma Bank") and healthcare segment (Pun Hlaing Hospitals"), and the Group's total revenue for the six-month period, HY Sep-2024 increased by 6.0% to MMK 243.1 billion as compared to MMK 229.4 billion in HY Sep-2023.

Below is the breakdown of revenue by business segment:

| (MMK'000) | **HY Sep-2024** | HY Sep-2023 | % Change |
|---|---|---|---|
| Financial services | **193,250,278** | 190,683,145 | 1.3% |
| Healthcare services | **49,781,122** | 38,042,341 | 30.9% |
| Dividend income | **32,175** | 609,055 | (94.7%) |
| Rental income | **36,000** | 36,000 | 0.0% |
| **Total** | **243,099,575** | 229,370,541 | **6.0%** |

Revenue from Yoma Bank was slightly higher by 1.3% from MMK 190.7 billion in HY Sep-2023 to MMK 193.3 billion in HY Sep-2024. This was mainly due to the changes in interest rate policy and increase in interest income as a result of the expansion in its loan portfolio when comparing HY Sep-2023 and HY Sep-2024. Additionally, revenue from Pun Hlaing Hospitals improved steadily by 30.9% to MMK 49.8 billion in HY Sep-2024 as compared with MMK 38.0 billion in HY Sep-2023 which was primarily due to the growth in overall patient volume and upward price adjustment of doctors and clinical service fees.

The Group's gross profit was decreased by 25.8% to MMK 67.5 billion in HY Sep-2024, as compared to MMK 90.9 billion in HY Sep-2023. This decrease was mainly driven by lower gross profit margin at Yoma Bank, which was caused by the realized exchange loss arising from the lack of FX hedging mechanism, deferment of home loan interest income and interest rate policy changes that lead to higher interest expenses on growing super fixed deposits and Repo borrowing.

The Group's administrative expenses increased from MMK 53.1 billion in HY Sep-2023 to MMK 82.9 billion in HY Sep-2024. This increase substantially comprised of the increase in bank's provision on NPL loans, the cost of incentive scheme offered to customers on early settlement of home loans, and the higher operating expenses from the rental, utilities and personnel expenses across all segments.

The Group's finance expenses on borrowing were reduced by 17.2% from MMK 1.7 billion in HY Sep-2023 to MMK 1.4 billion in HY Sep-2024. This decrease was mainly achieved from interest cost saving in consequence of loan restructuring by the Company during the last financial year and the increase in interest income from foreign currency denominated loan to related parties by the Company.

The Group reported other gains of MMK 12.4 billion in HY Sep-2024 as compared to other losses of MMK 27.4 billion in HY Sep-2023. This enhancement was mainly caused by the unrealized currency revaluation gains in Yoma Bank and capital gain on disposal of the Company's investment in Myanmar Thilawa SEZ Holdings Public Co., Ltd ("MTSH") shares.

Below is the detailed breakdown of other gains/ (losses) of the Group:

| (MMK'000) | **HY Sep-2024** | HY Sep-2023 |
|---|---|---|
| Gain/ (Loss) on foreign currency exchange, net | **9,387,208** | (28,955,666) |
| Gain on disposal of available-for-sale investment | **1,567,702** | - |
| Gain on fair value of investment properties | **1,374,920** | 1,406,450 |
| Gain/ (Loss) on disposal of property, plant and equipment | **134,984** | (4,343) |
| Recovery of write off expense | **500** | - |
| Write-back of payable | **9,637** | 4,462 |
| Adjustment for under-recognition of account receivable | **-** | 66,296 |
| Write-back of vaccine and medical supplies | **-** | 149,705 |
| Write-off of property, plant and equipment | **(101,870)** | (106,067) |
| **Total Other Gains/ (Losses), net** | **12,373,081** | (27,439,163) |

The Group recorded share of profit of associates and joint venture in HY Sep-2024. A detailed breakdown is as below:

| | | **Group Share of Profit/(Loss)** | |
|---|---|---|---|
| (MMK'000) | **Stake** | **HY Sep-2024** | HY Sep-2023 |
| Thanlyin Estate Development Limited | 30.0% | **4,055,114** | 4,264,317 |
| FMI Garden Development Limited | 47.5% | **1,762,191** | 5,363,145 |
| Meeyahta International Hotel Limited | 20.0% | **-** | (673,809) |
| Kawthaung Hill Investment Limited | 37.5% | **(101)** | (75) |
| LSC-FMI Company Limited | 50.0% | **(566)** | (332) |
| Pun Hlaing Links Services Company Limited | 30.0% | **(25,581)** | (27,027) |
| Memories (2022) Pte. Limited | 16.66% | **(95,379)** | (1,304,928) |
| FMI Decaux Company Limited | 40.0% | **(206,640)** | 21,002 |
| **Total Share of Profit** | | **5,489,038** | 7,642,293 |

The Group's share of profit from associates and joint venture decreased by 28.2% from MMK 7.6 billion in HY Sep-2023 to MMK 5.5 billion in HY Sep-2024. This decline was mainly due to the reduction in share of profit from FMI Garden Development Ltd because of the completion of Padauk Garden Project. Furthermore, the share of profit from FMI Decaux Company Limited decreased from MMK 21.0 million profit in HY Sep-2023 to MMK 206.6 million loss in HY Sep-2024 as a result of realized exchange loss on repayment of USD denominated loan in HY Sep-2024. These were partially offset by the decrease in share of loss in Memories (2022) Pte. Ltd which was associated with exchange gains on foreign currency translation.

With regard to the facts mentioned above, the Group recorded a net loss after tax of MMK 0.4 billion in HY Sep-2024 as compared to that of MMK 13.7 billion profit after tax in HY Sep-2023.

In HY Sep-2024, the Group recorded other comprehensive loss of MMK 1.4 billion as compared to MMK 2.6 billion gain in HY Sep-2023. This reduce was broadly due to the effect of MMK 1.6 billion upon reclassification of fair value gains from the Company's available for sale investment in MTSH to profit or loss at disposal and a loss of MMK 0.2 billion arising from currency translation adjustment at Thanlyin Estate Development Limited.

From the reasons stated above, the Group's net profit attributable to the equity holders of the Company was MMK 0.9 billion in HY Sep-2024 as compared to MMK 9.2 billion in HY Sep-2023.

Since net profit was generated and attributable to equity holders of the Company, the basic earnings per share ("EPS") of MMK 27 and the diluted EPS of MMK 22 in HY Sep-2024, which decreased by 90.3% and 90.1% respectively, as compared to that of MMK 277 and MMK 222 in HY Sep-2023. With the aim of calculating diluted earnings per share, the weighted average number of shares issued has been adjusted to include the exercise of any dilutive convertible securities at the commencement date of the reporting period.

A summary statement of the financial position of the Group, together with a comparative statement as of the end of the immediately preceding financial year, 31 March 2024 is shown below.

**Summary of Group Balance Sheet**

| (MMK'000) | **As at 30-Sep-2024** | As at 31-Mar-2024 | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **3,828,867,269** | 4,521,370,949 | (15.3%) |
| Total non-current assets | **922,010,407** | 952,791,760 | (3.2%) |
| Total assets | **4,750,877,676** | 5,474,162,709 | (13.2%) |
| **LIABILITIES** | | | |
| Total current liabilities | **4,131,302,146** | 4,853,490,957 | 14.9% |
| Total non-current liabilities | **23,373,911** | 23,232,245 | (0.6%) |
| Total liabilities | **4,154,676,057** | 4,876,723,202 | 14.8% |
| **NET ASSETS** | **596,201,619** | 597,439,507 | (0.2%) |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **484,000,601** | 484,481,538 | |
| Non-controlling interest | **112,201,018** | 112,957,969 | |
| **TOTAL EQUITY** | **596,201,619** | 597,439,507 | (0.2%) |

Total current assets decreased from MMK 4,521.4 billion as at 31 March 2024 to MMK 3,828.9 billion as at 30 September 2024. This decrease was mainly due to lower level of loan disbursements and treasury investment at Yoma Bank.

Total non-current assets decreased slightly from MMK 952.8 billion as at 31 March 2024 to MMK 922.0 billion as at 30 September 2024 which was mostly due to the reduction of investment in the Bank's treasury portfolio.

Total current liabilities decreased to MMK 4,131.3 billion as at 30 September 2024 as compared to MMK 4,853.5 billion as at 31 March 2024. This decrease was predominantly due to the decline of customer deposit balance.

Total non-current liabilities slightly increased to MMK 23.4 billion as at 30 September 2024 as compared to MMK 23.2 billion as at 31 March 2024 which was mainly caused by the reclassification of loan form current to non-current position upon the extension of shareholder loan by Pun Hlaing Hospitals.

The Group's equity decreased slightly at a rate of 0.2% which is mainly due to the decrease in revaluation reserve and non-controlling interest.

As of 30 September 2024, the Group's cash and cash equivalents amounted to approximately MMK 641.9 billion. A summary of the Group Statement of Cash Flows is as follows: -

**Summary of Group Cash Flow Statement**

| (MMK'000) | **HY Sep-2024** | HY Sep-2023 | % Change |
|---|---|---|---|
| Net cash (used in)/ provided by operating activities | **(229,589,866)** | 121,294,948 | (289.3%) |
| Net cash provided by/ (used in) investing activities | **179,926,171** | (216,925,266) | 182.9% |
| Net cash (used in) financing activities | **(2,524,514)** | (1,760,796) | (43.4%) |
| Net decrease in cash and cash equivalents | **(52,188,209)** | (97,391,114) | 46.4% |
| Cash and cash equivalents at beginning of the period | **694,108,023** | 617,328,125 | 12.4% |
| Cash and cash equivalents at the end of the period | **641,919,814** | 519,937,011 | 23.5% |

The Group cash and cash equivalents increased to MMK 641.9 billion as at 30 September 2024 as compared to MMK 519.9 billion as at 30 September 2023 in which significant portion of cash flow is derived from Yoma Bank. As at 30 September 2024, the Group's net cash used in operating activities amounted to MMK 229.6 billion which comprised the decrease in customers' deposits by Yoma Bank. Net cash flow provided by investing activities MMK 179.9 billion in HY Sep-2024 was mostly related to the redemption of principal upon maturity of government securities by the Bank. The Group's net cash used in financing activities for the six months ended 30 September 2024 amounted to MMK 2.5 billion due to the repayment of bank borrowing by Pun Hlaing Hospitals and bank loan interest payment made by the Company.

## Outlook

The Group's businesses remain robust and operate cautiously amidst the uncertainties and challenges in the business operating environment. According to the World Bank's report[2], challenges such as input shortages, electricity shortages, inflation and labor market disruption as well as natural disasters are impacting on the overall country's economy and it is expected that gross domestic product (GDP) is expected to contract by 1 percent in the fiscal year ending March 2025, which was down from the earlier forecast of modest growth. Despite of its challenges and uncertainties, the Group is maintaining and strengthening its balance sheet and focusing on business stability and profitability of its investment in Financial Services, Healthcare Services and Real Estate Services.

## Financial Services

The Group's financial services "Yoma Bank" is maintaining its balance sheet stability while fostering better and more convenient banking services across all branches. Despite the challenges and decreased customer deposits in July 2024, the upward trend has accelerated and returned to normal in November 2024. At the same time, most of the loan customers remain committed to the Bank while eagerly awaiting the bank's lending activity to resume. Regarding with banking products, the upgraded version of the classic Fixed Deposit product, "Super Fixed Deposit" was introduced in which customers can save their deposits start from 7-day to 365-day deposit terms with higher interest rates and upfront interest payout privileges. The "Next App" is also being upgraded in response to rising external fraud cases, as well as continuing to uplift the customer awareness on fraud. As the market stablised, Yoma Bank is actively enhancing its core-banking activities and other services and looking towards better financial performance in second half of the year.

## Healthcare Services

The Group's healthcare services continue enhancing its operational efficiencies while focusing on increasing revenue through organic growth, achieving performance well ahead of comparative years as well as its targets. Customers can easily book and enjoy the big promotion packages such as "cardiology" and "medical checkup" packages via "Heal App". Pun Hlaing Hospitals have also added dental services in collaboration with Grand Dental Clinic and first clinic is targeted to make available by early 2025. To improve operational efficiency and cost control, supply chain activities are closely monitored to secure favorable pricing from suppliers while keeping the proper inventory levels. Pun Hlaing Hospitals has also achieved third subsequent reaccreditation of "Joint Commission International (JCI) Award" accreditation in 2024. Going forward, the management of this segment take an optimistic view its performance and looking towards upholding its healthcare service quality.

## Real Estate

The Group's real estate sector continues to perform well during the reporting period. At Star City, the ARA project, opened for sales in March 2024, has achieved 67% sales of its launched 634 units, with expected key handovers scheduled in December 2025. Meanwhile, the eco-friendly Estella Townhouses, launched in October 2023, have been almost completely sold out of its launched units, with first batch of handovers started in November 2024 followed by phase-by-phase handover. As the construction and delivery of those previously sold units progress on, the respective financial income will be reported duly in its reports.

## Tourism

The Group's tourism sector continues to face challenges during the reporting period. Despite the challenges, Memories Group is utilising its expertise and effort to ensure its entities are operating in this new tourism

[2] https://www.worldbank.org/en/news/press-release/2024/12/11/compounding-crises-hit-myanmar-s-economy-and-its-people

season. With a long term view, the Group will continue to support Memories Group in pursuing its strategic direction.

By Order of the Board

Tun Tun
Chief Executive Officer
4 March 2025

First Myanmar Investment Public Co., Ltd.
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766